# ဘုရားသခင်က ကားလက်ကိုင်ဘီးနောက်မှာ

ဘဝရဲ့ လမ်းမပေါ်မှာ ကျွန်မရဲ့ကားကို ကျွမ်းကျင်စွာ မောင်းနှင်နိုင်တဲ့ အရည်အချင်းရှိတဲ့၊ ကိုယ့်ကိုယ်ကို ယုံကြည်မှုအပြည့်ရှိခဲ့တဲ့ ကျွန်မကို ကျွန်မ ပြန်အမှတ်ရမိပါသေးတယ်။ ကျွန်မဟာ ကျွန်မ ဘဝ ကံကြမ္မာရဲ့ ဇာတ်ဆရာပါပဲ။ အဝေးပြေးလမ်းမပေါ် တစ်ယောက်ထဲနေပြီးနေလုံးကြီးဝင်သွားတာကြည့်ရတာကိုအရမ်းကြိုက်ပါတယ်။ ပျော်ရွှင်တဲ့ ဘဝဟာ ကျွန်မ အတွက်ပါ။ ပျော်ပျော်နေဖို့လည်း ကျွန်မ ပြင်ဆင်ထားပါတယ်။ မှန်ပါတယ်။ ကျွန်မကို ဝါးမြိုပစ်လိုက်တော့မယောင် ပိန်းပိတ်အောင် မှောင်နေတဲ့ လမ်းမတွေပေါ်မှာ အထီးကျန်တဲ့အချိန်တွေ၊ ရွှံ့တွေပေါ်မှာ လဲ့ပြီး ကားစက်ကိုပြင်ဖို့၊ ဆီ ယိုနေတာရပ်အောင်လုပ်ဖို့ ကြိုးစားရတဲ့အချိန်တွေ၊ ကွဲသွားတဲ့ ကားဘီးကို နေပူကြီးထဲ ဒါမှမဟုတ် မိုးရွာထဲမှာ ခက်ခက်ခဲခဲ လဲရတဲ့အချိန်တွေ၊ ဆက်သွားလို့ မရတော့တဲ့ အခြေအနေတွေမှာ စိတ်ရှုပ်ထွေး၊ စိတ်ပျက်စွာနဲ့ ပြန်နောက်ဆုတ်ဖို့ ကြိုးစားရတဲ့ အချိန်တွေလည်း ရှိပါတယ်။ တစ်ယောက်ထဲနေရတာဟာ အမြဲတမ်းတော့ မကောင်းပါဘူး။ ဒါပေမယ့် ကျွန်မကတော့ အဲဒီကံဆိုးတဲ့ အဖြစ်အပျက်တွေကို ရှောင်ရှားပြီး အတွေ့အကြုံအသစ်တွေကိုရှာဖို့ ထွက်လာစမြဲပါ။

တစ်နေ့တော့ ကိုယ်တော်က လမ်းကြုံလိုက်လာခဲ့တယ်။ ဘယ်သွားမလဲမေးတော့ ကိုယ်တော်က “သင်သွားတဲ့နေရာတိုင်းကို” လို့ ပြန်ဖြေခဲ့တယ်။ ပြီးတော့ ထူးဆန်းတဲ့ ဆက်ဆံရေးဖြစ်ကြောင်း ကျွန်မ သိလိုက်တယ်။ ကျွန်မ လမ်းပျောက်တဲ့အခါ လမ်းညွှန်ဖို့ ကိုယ်တော်က မြေပုံကို အမြဲ ကိုင်ပေးပါတယ်။ ကိုယ်တော်က လမ်းတွေကို တနည်းနည်းနဲ့ သိစမြဲ။ ညလုံးပေါက် ခရီးတွေရဲ့ အမှောင်ထဲမှာ ကျွန်မကြောက်ပြီး အထီးကျန်နေတဲ့အခါ ကိုယ်တော်က ကျွန်မလက်ကို ဆုပ်ကိုင်ပေးပါတယ်။ ကိုယ်တော်ရှိနေခြင်းက အမှောင်ကိုတနည်းနည်းနဲ့ ထွန်းလင်းစေပါတယ်။ စွန့်စားချင်တဲ့စိတ်ကြောင့် ရွှံ့ထဲမှာ ကားဘီးကျွံရတာဖြစ်လို့ ကားလမ်းပေါ် ပြန်ရောက်သွားအောင် ကိုယ်တော်အမြဲ တွန်းပို့ပေးပါတယ်။ ကျွန်မ စိတ်ဆိုးတိုင်း ကိုယ်တော်က သိနေပေမယ့် “မင်းကို ငါပြောသားပဲ” လို့တစ်ခါမှ မပြောဖူးဘူး။ ကိုယ်တော်နဲ့ စကားများပြီး ကျွန်မဘဝ ထဲကနေ ထွက်သွားဖို့ ကိုယ်တော့်ကို ပြောမိတဲ့အချိန်မှာတောင် ကိုယ်တော်က ခွင့်လွှတ်နားလည် ထွေးပိုက်နိုင်ခဲ့တယ်။ ကျွန်မကို တနည်းနည်းနဲ့ ဆက်လက်ချစ်နေပြီးတော့ဆက်လက်ယုံကြည်နေခဲ့ပါတယ်။ ဒါတောင်မှ ကျွန်မက “ဘာပဲဖြစ်ဖြစ် ဒါဟာ ငါ့ကားပဲ”လို့ ကိုယ်တော့်ကို ပြောမိပါသေးတယ်။ ကိုယ်တော်ရဲ့ လမ်းညွှန်မှု၊ အကြံပေးမှုတွေကို ကျေးဇူးတော့ တင်ပေမဲ့ နောက်ဆုံး ဆုံးဖြတ်ချက် ချရမယ့်အချိန်မှာ “ဒါ ငါ့ဘဝပဲ။ ငါ့သဘော”လို့ ကျွန်မကပဲ ဆုံးဖြတ်ခဲ့တယ်။

မိုင်ပေါင်းများစွာ သွားပြီးနောက်မှာတောင်မှ ကျွန်မ ယဉ်မောင်းထိုင်ခုံကနေ မထချင်ခဲ့ဘူး။ နောက်ဆုံး ကျွန်မကား လုံးဝပျက်စီးမသွားခင်အထိ ကိုယ်တော့်ကို လုံးဝနေရာမပေးခဲ့ဘူး။ ကျွန်မရဲ့ အိပ်မက်ကားကလေး တစစီ ဖြစ်သွားတဲ့နောက်မှာ ရှက်ရွံ့ကြေကွဲစွာနဲ့ ကားသော့ကို ကိုယ်တော့်ဆီ ကမ်းပေးခဲ့တယ်။ ကိုယ်တော်ကတော့ စိတ်သက်သာရာရတဲ့အပြုံးနဲ့ အကျီလက်ကို ပင့်တင်လိုက်ပြီး ကားကို စပြင်ပါတော့တယ်။ မကြာခင်မှာပဲ ကျွန်မတို့ လမ်းမပေါ်ကို ပြန်ရောက်လာခဲ့ပါပြီ။ ကိုယ်တော်က ယဉ်မောင်း၊ ကျွန်မက ခရီးသည်ပေါ့။ ယဉ်မောင်းနေရာကို စွန့်လွှတ်ရတာဟာ ကျွန်မထင်သလောက် မလွယ်ခဲ့ပါလား။

“ဟေး” ကျွန်မက အော်ပြီး စတီယာရင်ကို လုရင်းနဲ့ “ဘယ်ကိုသွားနေတာလဲ? ဟိုဖက်ကို သွားရမှာ မဟုတ်လား?လို့ ပြောတော့ ကိုယ်တော်က ကားကို ချက်ခြင်းရပ်ပြီး ကျွန်မငြင်းခုံနေတာ ရပ်သွားတဲ့အထိ စိတ်ရှည်လက်ရှည် စောင့်ခဲ့တယ်။ ပြီးတော့မှ ကလေးငယ်ကို ဖခင်က ရှင်းပြနေတဲ့အသံမျိုးနဲ့ “ငါ့ကိုယုံပါ။ ငါဘာလုပ်နေတယ်ဆိုတာ ငါသိပါတယ်”လို့ပြောခဲ့တယ်။ စိတ်မပါ့တပါနဲ့ပဲ အရှုံးပေးပြီး ထိုင်ခုံပေါ်မှာ စိတ်ကောက်ကောက်နဲ့ ပြန်ထိုင်လိုက်တယ်။ မကြာခင်မှာပဲ ကိုယ်တော်က ကျွန်မကို ဘယ်ဆီကို ခေါ်သွားကြောင်း ကောင်းကောင်း သိနေပါလားဆိုတာ ထင်ရှားလာပါတယ်။ ကိုယ်တော့်ရဲ့ ကြိုတင်မြင်နိုင်စွမ်းရှိတဲ့ ဉာဏ်ပညာကို အံ့သြပြီး ကိုယ်တော့်ကို တအံ့တသြ ကြည့်ခဲ့တယ်လေ။

ဒါပေမယ့် အဲဒီသင်ခန်းစာကို မကြာခင်မှာပဲမေ့သွားခဲ့တယ်။ ပျော်စရာနေရာကို ရောက်တဲ့အခါ “ဟေး ဘာလို့မရပ်တာလဲ?လို့ ကျွန်မ အော်မိပြန်ရော။ ကိုယ်တော်က နားလည်စွာနဲ့ ပြုံးပြပြီး “စိတ်ချစမ်းပါ။ ရှေ့မှာ ဒီ့ထက်ပျော်စရာ ရှိပါသေးတယ်”လို့ ပြန်ပြောတယ်။ မှန်ပါတယ်။ ကျွန်မစိတ်ကူးထဲမှာတောင် မရှိခဲ့တဲ့ ပိုကောင်းတဲ့ အရာတွေရှေ့မှာ တကယ်ပဲ ရှိနေခဲ့တယ်။

ကိုယ်တော်ကားမောင်းတာကို မကြာခင်မှာပဲ ကျင့်သားရလာခဲ့တယ်။ ကျွန်မသွားချင်တဲ့လမ်းနဲ့ ဆန့်ကျင်ပြီး သွားနေခဲ့ရင်တောင်မှ ကိုယ်တော်ရဲ့ ပဟေဠိဆန်တဲ့ အပြုံးနောက်ကွယ်မှာ ဘာတွေများ ရှိနေဦးမလဲလို့ စိတ်ရှည်ရှည်နဲ့ စောင့်တတ်လာခဲ့ပါပြီ။ ကားဘီးပေါက်တာ၊ လမ်းမှားတာတွေဟာ အန္တရာယ်များစွာနဲ့ ရှာခဲ့တဲ့ ပျော်ရွှင်မှု၊ စိတ်လှုပ်ရှားမှုတွေနဲ့အတူ အတိတ်မှာ ကျန်ခဲ့ကြပါပြီ။ ကိုယ်တော် ယဉ်မောင်းထိုင်ခုံမှာ ရှိတော့ ငြီးငွေ့ရမယ့်အချိန်ဆိုလို့ မရှိပါဘူး။

ဒီလိုပြောလို့ ခေတ္တခဏ စိတ်ပျက်ရတဲ့အချိန်တွေ မရှိခဲ့ဘူးလို့တော့ မဆိုလိုဘူး။ ဥပမာအားဖြင့် အထီးကျန်ဆန် ဖုံထူတဲ့ လမ်းတွေကို ငြင်းပယ်ခဲ့တဲ့ အချိန်တွေပေ့ါ၊ နောက်ပြီး ဒါကလည်း မိုင်ပေါင်းများစွာ ကျွန်မတို့ နှစ်ယောက်ဘဲ မဟုတ်လား။ ဒါပေမဲ့ အဲဒီ အထီးကျန်ဆန်တဲ့ လမ်းကြောင်းတွေဟာ ကျွန်မတို့အတွက် သီးသန့်ထားခဲ့တဲ့ လျှို့ဝှက်ဆန်းကြယ်မှု အပြည့်ရှိရာ မြင်ကွင်းစုံ၊ အသက်ရှူမှားလောက်စရာ ရှုခင်းတွေ ရှိရာကို ခေါ်ဆောင်သွားတယ်။ တစ်ခါတလေ ကျွန်မကြောက်တဲ့ မဲမှောင်နေတဲ့ မြစ်ဝှမ်းကြီးတွေ၊ ချောက်ကမ်းပါးကြီးတွေဆီကိုလည်း ကိုယ်တော်သွားတယ်။ ဘာလို့ ဒီကို လာရတာလဲ? ကျွန်မ တိတ်ဆိတ်စွာနဲ့ ငြင်းလေ့ရှိတယ်။ ကိုယ်တော်က “စိတ်ချပါ။ မင်းကို ငါဘယ်တုန်းက လိမ်ဖူးလို့လဲ” လို့ပဲ ပြန်ပြောခဲ့တယ်။ ကျွန်မရဲ့စိတ်ကို တည်ငြိမ်အောင် ကြိုးစားကြည့်တဲ့အခါ တစ်ခါမှ မခံစားဖူးတဲ့ အားအင်နဲ့ သတ္တိတွေကို ရရှိလာခဲ့ပါတယ်။




စတီယာရင်ကို ကိုယ်တော် စကိုင်တဲ့နေ့ကနေပြီး အသက်ရှူမှားစေလောက်တဲ့ တောင်တွေ၊ မြစ်ဝှမ်းတွေဟာ သူ့အလှနဲ့သူရှိနေပြီး သည်းထိတ်ရင်ဖိုစရာတွေ၊ မယုံကြည်နိုင်လောက်တဲ့ ပျော်ရွှင်မှုတွေ၊ မကုန်ဆုံးနိုင်တဲ့ ချစ်ခြင်းတွေနဲ့ပဲ ပြည့်နှက်နေပါတော့တယ်။ ကိုယ်တော် မှန်ပါတယ်။ ကိုယ်တော့်ကိုမောင်းခိုင်းတဲ့ ကျွန်မရဲ့ ဘဝအတွက် ဘယ်တော့မှ နောင်တ မရပါဘူး။